
# ပဲခူးတိုင်းဒေသကြီး
# ရသုံးခန့်မှန်းခြေငွေစာရင်းစာစောင်

## ၂၀၁၈ ခုနှစ်

(ဧပြီလမှ စက်တင်ဘာလအထိ)



# ဥယျောဇဉ်

ပြည်ထောင်စုအစိုးရက ဘဏ္ဍာရေးနှစ်ကို ဧပြီလမှစတင်သည့်အစား အောက်တိုဘာလမှစတင်ရန် ပြင်ဆင်သတ်မှတ်ခဲ့ပြီးနောက် ပဲခူးတိုင်းဒေသကြီးအစိုးရအနေဖြင့် ဘဏ္ဍာရေးနှစ်အကူးအပြောင်းကာလအတွက် ခြောက်လဘတ်ဂျက်ကို ရေးဆွဲရာတွင် တိုင်းဒေသကြီးရှိ ပြည်သူများ၏ အကျိုးစီးပွားနှင့် လိုအပ်ချက်များကို အကောင်းဆုံး ဖြည့်ဆည်းနိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး၏ ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာစာစောင်ကို ပထမဆုံးအကြိမ်ထုတ်ဝေခဲ့ခြင်းက မဲဆန္ဒရှင်ပြည်သူများ၏ ပွင့်လင်းမြင်သာသော၊ အဓိပ္ပာယ်ပြည့်ဝသော အသံများ၊ အကြံပြုချက်များကို ပိုမိုဖြစ်ပေါ်စေပြီး၊ ၎င်းအကြံပြုချက်များက ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၈ ခုနှစ် ခြောက်လတာဘတ်ဂျက်ကို ပြင်ဆင်ရေးဆွဲရာတွင် ပိုမိုအကျိုးရှိစေရန် အထောက်အကူပြုခဲ့ပါသည်။

တိုင်းဒေသကြီး၏ ပထမဆုံးအကြိမ် ရသုံးခန့်မှန်းခြေငွေစာရင်းစာစောင်ကို ယခုနှစ်အစောပိုင်းတွင် ထုတ်ဝေနိုင်ချိန်မှစ၍ တိုင်းဒေသကြီးအစိုးရသည် ဒေသတွင်းပြည်သူများနှင့် ပိုမို ထိတွေ့နိုင်သည့် အခွင့်အလမ်းများပို၍ရရှိခဲ့သလို ပြည်သူများ၏လေးလေးနက်နက် သိရှိလိုသည်များ၊ စိတ်ဝင်တစားရှိမှုများနှင့် ပိုမို ပွင့်လင်းမြင်သာစေလိုသည့် ဆန္ဒများကို အလေးထားဂရုပြုခဲ့သည်။ ဘတ်ဂျက်ရေးဆွဲခြင်းနှင့် မူဝါဒချမှတ်ခြင်းတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်အားပေးနိုင်ရေးအတွက် သတင်းအချက်အလက်မျှဝေရန် အရေးကြီးသည်ကို ယုံကြည်ပါသည်။ ထို့အတွက် ပဲခူးတိုင်းဒေသကြီး၏ ဒုတိယအကြိမ်မြောက် ရသုံးခန့်မှန်းခြေငွေစာရင်းစာစောင် ထုတ်ဝေခြင်းသည် ပထမအကြိမ်ထုတ်ဝေခြင်းမှ ဖြစ်ထွန်းအောင်မြင်ခဲ့သည့် အကျိုးရလဒ်များ အရှိန်အဟုန်မပျက် ဆက်လက်ဖြစ်ပေါ်စေရေးကို ရည်ရွယ်ပါသည်။

ထို့အပြင် ဖတ်ရှုသူများအတွက် အကျိုးအရှိဆုံးဖြစ်စေရေးအတွက် နောက်ဆုံးရ ကိန်းဂဏန်း၊ အချက်အလက်များကို စောလျှင်စွာ မျှဝေနိုင်ရန် ယခုအကြိမ် ရသုံးခန့်မှန်းခြေငွေစာရင်းစာစောင်ထုတ်ဝေမှုကို ဘဏ္ဍာရေးနှစ်အကူးအပြောင်းကာလ၏အစောပိုင်းတွင် ထုတ်ဝေနိုင်အောင် ကြိုးပမ်းခဲ့ပါသည်။ အသစ်ပြောင်းလဲသည့် ဘဏ္ဍာရေးပြက္ခဒိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၁ နှင့် ဇယား ၂ ကွဲပြားခြားနားချက်များနှင့် တိုင်းဒေသကြီး၏ ဝင်ငွေနှင့် အသုံးစရိတ်များကို သေချာစွာ နားလည်သဘောပေါက်ခြင်းဖြင့် တိုင်းဒေသကြီး၏ စီမံကိန်းနှင့် ဘတ်ဂျက်ပြင်ဆင်ရေးဆွဲခြင်းများတွင် ဒေသတွင်းပြည်သူများပါဝင်မှုကို မြှင့်တင်နိုင်မည်ဟု မျှော်မှန်းပါသည်။

ယခုကဲ့သို့သော အရေးပါသည့် ဘဏ္ဍာရေးကာလအပြောင်းအလဲတွင် တိုင်းဒေသကြီး၏ ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာစာစောင်များကို ဆက်လက်ထုတ်ဝေခြင်းက ပဲခူးတိုင်းဒေသကြီးအစိုးရအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေး၊ တာဝန်ခံမှု၊ တာဝန်ယူမှုရှိရေး၊ ပြည်သူလူထု၏ပါဝင်နိုင်မှုစသည့် တန်ဖိုးများအပေါ် အလေးထားသည်ကို ညွှန်ပြနေပါသည်။ ထို့အပြင် ပဲခူးတိုင်းဒေသကြီးအစိုးရအနေဖြင့် တိုင်းဒေသကြီးဘတ်ဂျက်သည် ဒေသတွင်း ပြည်သူလူထု၏ကောင်းကျိုးကို အမှန်တကယ် ဖြည့်ဆည်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားအပ်ပါသည်။

**ဦးဝင်းသိန်း**
ဝန်ကြီးချုပ်
ပဲခူးတိုင်းဒေသကြီး

* ဖတ်ရှုရလွယ်ကူစေရန် ကိန်းဂဏန်းများကို အနီးစပ်ဆုံး ကိန်းပြည့်များ ယူထားသည့်အတွက် အချို့ကိန်းဂဏန်းများ၏ ပေါင်းခြင်းသည် စုစုပေါင်းတန်ဖိုးနှင့် အနည်းငယ်ကွဲလွဲခြင်း၊ ရာခိုင်နှုန်းအနည်းငယ် ကွဲလွဲခြင်းများ ရှိနိုင်ပါသည်။

# မာတိကာ


ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက်များ ၆

## ၁ ပြည်သူ့အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းစာစောင်မိတ်ဆက် ၈

၁.၁ ဤစာစောင် ထုတ်ဝေရခြင်း၏ ရည်ရွယ်ချက် ၈
၁.၂ ပဲခူးတိုင်းဒေသကြီးအစိုးရ၏ လုပ်ငန်းတာဝန်များ ၉
၁.၃ ဘတ်ဂျက်လုပ်ငန်းစဉ် ရှင်းလင်းဖော်ပြချက် ၁၁
၁.၄ အစိုးရဘတ်ဂျက်နှင့်စီးပွားရေး ၁၂

## ၂ ရငွေများ ၁၃

၂.၁ တိုင်းဒေသကြီးအစိုးရ၏ ဘဏ္ဍာရင်းမြစ်များဆိုင်ရာ ရှင်းလင်းဖော်ပြချက်များ ၁၃
၂.၂ မည်သည့်အတွက် အခွန်ပေးဆောင်ရသနည်း ၁၈

## ၃ အသုံးစရိတ် ၁၉

၃.၁ ပဲခူးတိုင်းဒေသကြီးအစိုးရက မည်သည့်အသုံးစရိတ်များ သုံးစွဲပါသနည်း ၁၉

## ၄ အစိုးရဘတ်ဂျက်နှင့် ဖွံ့ဖြိုးရေးရလဒ်များ ၂၇

## ၅ နိဂုံးချုပ်အမှာစကား ၂၈

လေ့လာဖတ်ရှုနိုင်သည့် သတင်းအချက်အလက်များ ၂၉

# ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက်များ

### တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း

တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်းသည် သတင်းအချက်အလက် ထုတ်ပြန်ရန်၊ ရှင်းလင်းတင်ပြရန် တာဝန်ခံစေခြင်း သို့မဟုတ် ကတိကဝတ်ပြုခြင်း ဖြစ်ပါသည်။

### ရသုံးခန့်မှန်းခြေငွေစာရင်း

အစိုးရ၏အသုံးစရိတ်၊ ရငွေ၊ ပိုငွေ/လိုငွေနှင့် ကြွေးမြီတို့အပါအဝင် ဘဏ္ဍာရေးဆိုင်ရာအစီအစဉ်များကို ပြည့်ပြည့်စုံစုံဖော်ပြထားသည့် ထုတ်ပြန်ချက်ဖြစ်ပါသည်။ အစိုးရ၏ မူဝါဒရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်သူ့ဘဏ္ဍာများကို မည်သို့အသုံးပြုရန်စီမံသည်ကို ဖော်ပြထားသည့် အစိုးရတစ်ရပ်၏ အဓိကကျသော စီးပွားရေးမူဝါဒဆိုင်ရာစာရင်းမှတ်တမ်းတစ်ရပ်ဖြစ်ပါသည်။

### ဘတ်ဂျက်စက်ဝန်း

ရသုံးခန့်မှန်းခြေငွေစာရင်းအတွက် ဆုံးဖြတ်ချက်ချရာတွင်လည်းကောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ အဆိုပါ ဆုံးဖြတ်ချက်များကို ပြန်လည်ဆန်းစစ်ရာတွင်လည်းကောင်း အဓိကပါဝင်သော လုပ်ငန်းစဉ်များ ဖြစ်ပါသည်။ ပုံမှန်အားဖြင့် (က) ရသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲခြင်း၊ (ခ) စိစစ်အတည်ပြုခြင်း၊ (ဂ) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း နှင့် (ဃ) စာရင်းစစ်ဆေးခြင်း ဟူ၍ လုပ်ငန်း ၄ ရပ် ပါဝင်ပါသည်။

### ဘတ်ဂျက်ခန့်မှန်းခြေ

ဘဏ္ဍာရေးနှစ်မတိုင်မီ အစိုးရ၏လုပ်ငန်းဆောင်တာများအတွက် ကြိုတင်ခန့်မှန်းထားသည့် ကုန်ကျစရိတ်များ၊ ရငွေများ ပါဝင်သည်။ ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်း အစိုးရက ကဏ္ဍအသီးသီးတွင်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ကုန်ကျစရိတ် နှင့် အခွန်ကောက်ခံရငွေအပါအဝင် ရငွေခန့်မှန်းချက်များ ပါဝင်ပါသည်။

### သာမန်အသုံးစရိတ်

သာမန်အသုံးစရိတ်များမှာ ဝန်ထမ်းလစာများ၊ ပင်စင် နှင့် လုပ်သက်ဆုကြေးငွေများ၊ ပြင်ဆင်ထိန်းသိမ်းစရိတ်များ၊ ပစ္စည်းများ ဝယ်ယူခြင်း နှင့် ဝန်ဆောင်မှုများ ရရှိခြင်းတို့အတွက် ကုန်ကျစရိတ်များစသည့် အစိုးရ၏ အထွေထွေအသုံးစရိတ်များဖြစ်ပါသည်။

### ငွေလုံးငွေရင်းအသုံးစရိတ်

မော်တော်ယာဉ်၊ မြေ၊ စက်ယန္တယားများ၊ အဆောက်အအုံနှင့် လမ်း/တံတားကဲ့သို့သော တစ်နှစ်ထက်သက်တမ်းပိုသည့် ရရန်ပိုင်ခွင့်များအတွက် ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်များ ဖြစ်ပါသည်။

### အသုံးစရိတ်

အစိုးရအုပ်ချုပ်မှုယန္တယား လည်ပတ်ရေး၊ ပြည်သူ့ဝန်ဆောင်မှုများပေးရေးနှင့် အခြေခံ အဆောက်အအုံရင်းနှီးမြှုပ်နှံမှုဆိုင်ရာကုန်ကျစရိတ်များအတွက် အစိုးရ၏ ဘဏ္ဍာရင်းမြစ်များကို ခွဲဝေသုံးစွဲခြင်းဖြစ်ပါသည်။

### ရငွေ

အစိုးရ၏ရငွေများဖြစ်ပြီး၊ မူဝါဒအပြောင်းအလဲနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် မူဝါဒနည်းလမ်းတစ်ရပ်ဖြစ်ပါသည်။

## ဘဏ္ဍာရေးနှစ်

ဘဏ္ဍာရေးနှစ်ကို ဘတ်ဂျက်နှစ် ဟူ၍လည်း ရံဖန်ရံခါ ဖလှယ် ခေါ်ဝေါ်သုံးစွဲပါသည်။ ဘဏ္ဍာရေးနှစ်သည် အစိုးရ၏ ဘဏ္ဍာရေးဆိုင်ရာ စာရင်းရေးသွင်းခြင်းနှင့် ဘဏ္ဍာငွေ အရ/အသုံး ရည်ရွယ်ချက်များအတွက် အသုံးပြုသည့် ကာလအပိုင်းအခြားဖြစ်ပါသည်။

## ထောက်ပံ့ငွေ

ထောက်ပံ့ငွေတွင် လှူဒါန်းပေးကမ်းခြင်း (သို့မဟုတ်) ပုံမှန်ဖြစ်စေ၊ အခါအားလျော်စွာဖြစ်စေ ထည့်ဝင်ငွေ ထည့်သွင်းခြင်းအားဖြင့် လက်ခံရရှိသူသို့ အပြီးအပိုင်ပေးချေသည့်ငွေများဖြစ်သည်။ ထောက်ပံ့ငွေကို အမျိုးအစားအားဖြင့် (က) နိုင်ငံတော်မှထောက်ပံ့ငွေနှင့် (ခ) ပြည်ပမှ ထောက်ပံ့ငွေ (ပြည်ပအကူအညီရငွေ) ဟူ၍ ခွဲခြားနိုင်ပြီး၊ နိုင်ငံတော်မှထောက်ပံ့ငွေတွင် နိုင်ငံတော်၏မူဝါဒအရ ထောက်ပံ့ငွေများနှင့် လုပ်ငန်းလိုအပ်ချက်အရ ဌာန၊ အဖွဲ့အစည်းများက တင်ပြတောင်းခံ၍ပေးရသည့် ထောက်ပံ့ငွေများ ပါဝင်ပါသည်။

## စုစုပေါင်း ဒေသတွင်း ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)

နိုင်ငံတစ်နိုင်ငံ၏ကာလတစ်ခု (များသောအားဖြင့် နှစ်တစ်နှစ်) အတွင်း နောက်ဆုံးထုတ်လုပ်သော ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ စုစုပေါင်းတန်ဖိုး ဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှစ်အလိုက် စုစုပေါင်း ပြည်တွင်း (ဒေသတွင်း) ထုတ်ကုန်တန်ဖိုးအပြောင်းအလဲအပေါ် မူတည်၍ တိုင်းတာသည်။

## ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု

ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ဆိုသည်မှာ ပြည်သူ့ရေးရာဝန်ဆောင်မှုများကို ထိရောက်အကျိုးရှိစွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် နိုင်ငံတော်၏ ဘဏ္ဍာရင်းမြစ်များကို စနစ်တကျထိန်းကြောင်းပေးသည့် စနစ်ဖြစ်ပြီး၊ ရငွေနှင့်သုံးငွေများ စီမံခန့်ခွဲမှု၊ ၎င်းနှင့်မူဝါဒများ တစ်ခုနှင့်တစ်ခု ချိတ်ဆက်မှု၊ အကောင်အထည် ဖော်မှု၊ အကောင်အထည်ဖော်ဆောင်ရွက်သည့်အပေါ် တာဝန်ယူမှု၊ တာဝန်ခံမှု၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှု ဆိုင်ရာစည်းမျဉ်းနှင့် ကိုက်ညီမှုရှိသော ပြည်သူ့ဘဏ္ဍာရေးအခြေအနေတစ်ရပ်လုံးကို ဆိုလိုသည်။ ယင်းစကားရပ်တွင် ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းချမှတ်ခြင်း၊ ပြည်သူ့ဘဏ္ဍာငွေများကို မဟာဗျူဟာမြောက် ခွဲဝေလျာထားခြင်းနှင့် အစီရင်ခံခြင်းတို့ ပါဝင်သည်။

## ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှု

အစိုးရ၏ လုပ်ငန်းဆောင်တာများနှင့် အစိုးရအဖွဲ့အစည်းများ၊ အစိုးရ၏ စီးပွားရေးနှင့် ဘဏ္ဍာရေးမူဝါဒဆိုင်ရာ ပန်းတိုင်များနှင့် ရည်မှန်းချက်များ၊ ငွေရေးကြေးရေးဆိုင်ရာ မျှော်မှန်းချက်များနှင့် ပြည်သူ့ငွေစာရင်းများအား အများပြည်သူသိရှိစေရန် အသိပေးထုတ်ပြန်သည့် မူဝါဒလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။

# ၁ ပြည်သူ့အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းစာစောင် မိတ်ဆက်

## ၁.၁ ဤစာစောင် ထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်



အစိုးရများသည် ဘတ်ဂျက်များကိုအသုံးပြု၍ ၎င်းတို့၏ ပြည်သူများအတွက် ဝန်ဆောင်မှုပေးရပါသည်။ ထို့အတွက်ကြောင့် အစိုးရဘတ်ဂျက်များသည် အဓိကကျသည့် မူဝါဒနည်းလမ်းများအဖြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အခရာကျလှပြီး၊ ထိရောက်သည့် ဘတ်ဂျက်ရေးဆွဲအကောင်အထည်ဖော်ခြင်းနှင့် စီမံကိန်းရေးဆွဲခြင်းတို့သည် ကောင်းကျိုးဆောင်သည့် အပြောင်းအလဲများ ဖြစ်စေရေးတွင် အရေးကြီးပါသည်။ မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေး၊ သတ္တုတွင်းနှင့် အခြေခံအဆောက်အအုံကဲ့သို့သော ကဏ္ဍများမှ မျှော်မှန်းထားသည့် အကျိုးဖြစ်ထွန်းမှုနှင့်အတူ မိုးလေကင်းလွတ်သော ကာလများအတွင်း စီးပွားရေးလုပ်ဆောင်ချက်များကို အကောင်းဆုံးဖြစ်ထွန်းအောင်မြင်စေရန် ဘဏ္ဍာရေးနှစ်ကာလကို ပြောင်းလဲမည်ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစတင်မည့် ဘဏ္ဍာရေးနှစ်ကာလ ပြောင်းလဲမှုသည် ပြည်ထောင်စုအဆင့်တွင်ရော တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင်ပါ ဘဏ္ဍာနှစ် အကူးအပြောင်းကာလကို ဖြစ်ပေါ်စေပါသည်။ ဘဏ္ဍာရေးနှစ်အကူးအပြောင်းကာလသည် ခြောက်လတာကာလဖြစ်ပြီး၊ ၎င်းက ၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင်ပြီးဆုံးသည့် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၁ ရက်နေ့တွင် စတင်မည့် ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်ကို ပေါင်းကူးပေးမည်ဖြစ်ပါသည်။

ဘဏ္ဍာနှစ်များအကြား ချောချောမွေ့မွေ့ ကူးပြောင်းနိုင်ရေးအတွက် ကောင်းမွန်သည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု လိုအပ်မည်ဖြစ်ပြီး ၎င်းတွင် ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှု၊ အစိုးရတာဝန်ယူ၊ တာဝန်ခံခြင်းရှိမှုနှင့် ပြည်သူလူထု၏ ပါဝင်မှုတို့မှာ အရေးကြီးသည့်အချက်များအဖြစ် ပါဝင်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များတွင် ဖော်ပြပါအချက်များမှာ ပို၍ပင် အရေးကြီးလှပါသည်။ သို့ဖြစ်ပါသောကြောင့် ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုတိုးတက်လာစေရန်နှင့် ပြည်သူလူထု၏ပါဝင်မှုကို အားပေးနိုင်ရန်အတွက် ယခုပြည်သူ့အတွက် ရည်ရွယ်ထုတ်ပြန်သည့် ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာစာစောင်တွင် ရသုံးခန့်မှန်းခြေငွေစာရင်း (ဘတ်ဂျက်) ကို မည်သည်တို့ ထည့်သွင်းရေးဆွဲသည်၊ မည်သို့ အကောင်အထည်ဖော်ဆောင်ရွက်သည်နှင့် စပ်လျဉ်းသည့် အရေးပါသည့် အဓိကအချက်များကို ရှင်းရှင်းလင်းလင်း၊ ကျစ်လျစ်ပြည့်စုံအောင် ဖော်ပြနိုင်ရန် ရည်ရွယ်ဖော်ပြထားပါသည်။

ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို နားလည်သဘော ပေါက်လာသည့် ပြည်သူလူထုနှင့်အစိုးရ လက်တွဲခြင်းဖြင့် အစိုးရကို ပို၍ တာဝန်ခံမှုရှိစေမည်ဖြစ်ပြီး၊ ၎င်းအချက်မှာ ကျွန်ုပ်တို့အစိုးရက အားကောင်းလာရန် မျှော်မှန်းထားသည့် အပြန်အလှန် ဆက်ဆံရေးဖြစ်ပါသည်။ ထို့အပြင် ပဲခူးတိုင်းဒေသကြီး အစိုးရအနေဖြင့် ပြည်သူများ၏ပါဝင်မှုကို တံခါးဖွင့်ကမ်းလင့်ကြိုဆိုသည့် အခြေအနေကောင်းများ ဖန်တီးပေးရန်၊ တာဝန်ခံထားသည့် အစိုးရနှင့် သတင်းအချက်အလက်များ ပံ့ပိုးပေးထားသော၊ ပါဝင်နိုင်ခွင့်ပေးထားသော မဲဆန္ဒရှင်ပြည်သူများ အကြား လူမှုပဋိညာဉ် ခိုင်မာအားကောင်းစေရန် ကတိကဝတ်ထားရှိပါသည်။

ယခုကဲ့သို့ ဘဏ္ဍာနှစ်အကူးအပြောင်းကာလအတွင်း ပြည်သူ့အတွက် ဒုတိယအကြိမ်မြောက် ရသုံးခန့်မှန်းခြေငွေစာရင်းစာစောင် ထုတ်ပြန်ရခြင်းမှာ ပဲခူးတိုင်းဒေသကြီးအတွင်း ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု ပိုမိုကောင်းမွန်လာစေရေးအတွက် တိုင်းဒေသကြီးအစိုးရ၏ စွဲမြဲစွာထားရှိသည့် ကတိကဝတ်ခိုင်မြဲမှုကို ထင်ဟပ်စေပါသည်။ ပြည်သူများ၏ လိုအပ်ချက်များကို ပို၍ကောင်းမွန်စွာဖြည့်စွမ်းပေးနိုင်မည့် တရားမျှတမှုရှိသော၊ အားလုံးပါဝင်နိုင်သော ဘတ်ဂျက်နှင့် စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်မှုလုပ်ငန်းစဉ်တွင် ပြည်သူများ ပါဝင်နိုင်စေရန်နှင့် သိရှိထိုက်သည်များကို နားလည်နိုင်စေရန် ယခုစာစောင်မှ ပံ့ပိုးပေးနိုင်မည်ဟု မျှော်မှန်းပါသည်။

## ၁.၂ ပဲခူးတိုင်းဒေသကြီးအစိုးရ၏ လုပ်ငန်းတာဝန်များ

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များအား အာဏာခွဲဝေအပ်နှင်းထားမှုနှင့် သက်ဆိုင်သော အခြေခံသတ်မှတ်ချက်များကို ညွှန်ပြပါသည်။ အသေးစိတ်ဆိုရလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား (၁) သည် ပြည်ထောင်စုအစိုးရ၏အခွင့်အာဏာများကို ဖော်ပြပြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား (၂) သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ဥပဒေပြုရေးနှင့်အုပ်ချုပ်ရေး အခွင့်အာဏာများကို ဖော်ပြထားပါသည်။



ဇယား (၂) တွင် ဖော်ပြထားသော တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ လုပ်ပိုင်ခွင့်များအတွက် ဘဏ္ဍာရေးဆိုင်ရာ အခွင့်အာဏာလည်း ပေးအပ်ထားပြီး၊ အဆိုပါလုပ်ပိုင်ခွင့်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ရသုံးခန့်မှန်းခြေငွေစာရင်းများတွင် မြင်တွေ့နိုင်ပါသည်။ ပဲခူးတိုင်းဒေသကြီးအစိုးရဘတ်ဂျက်တွင် ပါဝင်သည့် အသုံးစရိတ်များကို အခန်း ၃ တွင် ဖော်ပြထားပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် စပ်လျဉ်း၍ ပိုမိုသိရှိလိုပါလျှင် နောက်ဆက်တွဲဖြင့် ဖော်ပြထားသည့် “လေ့လာဖတ်ရှုနိုင်သည့် သတင်းအချက်အလက်များကဏ္ဍ” တွင် ရည်ညွှန်းချက်များအတိုင်း လေ့လာဖတ်ရှုနိုင်ပါသည်။




## တိုင်းဒေသကြီးဘတ်ဂျက်ပါ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

**ဗဟိုအဖွဲ့အစည်းများ**
တိုင်းဒေသကြီးအစိုးရအဖွဲ့
တိုင်းဒေသကြီးလွှတ်တော်
တိုင်းဒေသကြီးတရားလွှတ်တော်
ဥပဒေရုံးများ
စာရင်းရုံးများ

**ပြည်ထဲရေးဝန်ကြီးဌာန**
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
မီးသတ်ဦးစီးဌာန

**စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
စိုက်ပျိုးရေးဦးစီးဌာန
ငါးလုပ်ငန်းဦးစီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
သမဝါယမဦးစီးဌာန
အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန**
သစ်တောဦးစီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
အားကစားနှင့် ကာယပညာဦးစီးဌာန

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**
စီမံကိန်းရေးဆွဲရေး ဦးစီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
ကုန်တင်ကုန်ချ လုပ်ငန်းကြီးကြပ်ရေး ကော်မတီရုံး

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
လမ်းဦးစီးဌာန

**စည်ပင်သာယာရေး အဖွဲ့များ**

ⓘ တိုင်းဒေသကြီး/ပြည်နယ်များက စီမံခန့်ခွဲခွင့်ရှိသော ကဏ္ဍများနှင့်ပတ်သက်၍ ပိုမိုပြည့်စုံစွာ သိရှိလိုပါလျှင် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ကြည့်ရှုနိုင်ပါသည်။

## ၁.၃ ဘတ်ဂျက်လုပ်ငန်းစဉ် ရှင်းလင်းဖော်ပြချက်

တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဘတ်ဂျက်ပြင်ဆင်ရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် အဆင့်များစွာပါဝင်ပါသည်။ တိုင်ပင်ဆွေးနွေးမှုများမှ ထွက်ပေါ်လာသည့် အလေးထားဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ဆုံးဖြတ်ချက်များကို စီမံကိန်းနှင့် ဘတ်ဂျက်တွင် ထည့်သွင်းရေးဆွဲခြင်းမှာလည်း အဆိုပါများစွာသောအဆင့်များတွင် ပါဝင်ပါသည်။ ဘတ်ဂျက်ဆိုင်ရာဆုံးဖြတ်ချက်များကို သက်ဆိုင်ရာ ဦးစီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်၊ ပြည်ထောင်စုစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုလွှတ်တော် စသဖြင့် အဆင့်ဆင့် ဖြတ်သန်းရပြီး၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်မှ အပြီးသတ်အတည်ပြုပေးခြင်းဖြင့် ဘတ်ဂျက်ပြင်ဆင်ရေးဆွဲခြင်းလုပ်ငန်းစဉ် ပြီးဆုံးပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ယခုနှစ်မှစတင်၍ ဘဏ္ဍာရေးနှစ်ကာလကို ပြောင်းလဲမည်ဖြစ်ပြီး၊ ဘဏ္ဍာရေးနှစ်ကာလ ပြောင်းလဲမှုအရ ဘဏ္ဍာရေးနှစ်ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်မည်ဖြစ်ပါသည်။ လာမည့် ၂၀၁၈-၂၀၁၉ ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာစာစောင်တွင်မူ ဘတ်ဂျက်စက်ဝန်းအသစ်နှင့် ဘတ်ဂျက်လုပ်ငန်းစဉ် အဆင့်ဆင့်အကြောင်းကို ပိုမို ပြည့်စုံစွာ ရှင်းလင်းဖော်ပြသွားနိုင်ရန် မျှော်မှန်းထားပါသည်။

သမားရိုးကျ ဘတ်ဂျက်စက်ဝန်းပုံစံကို လေ့လာလိုပါက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ပဲခူးတိုင်းဒေသကြီး ရသုံးခန့်မှန်းခြေငွေစာရင်းစာစောင်တွင် နမူနာအဖြစ် ဖတ်ရှုလေ့လာနိုင်ပါသည်။

**ဘတ်ဂျက် စက်ဝန်းအစ**




### ၁။ ရသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲခြင်း

အစိုးရ၏ ဦးစားပေးမူဝါဒလုပ်ငန်းစဉ်များ ဖော်ထုတ်ပြီး အဆိုပြုစီမံကိန်းနှင့် ရသုံးခန့်မှန်းခြေငွေစာရင်း မူကြမ်းများ ရေးဆွဲပြင်ဆင်ပါသည်။

### ၂။ တိုင်းဒေသကြီးလွှတ်တော်တွင် ဆွေးနွေးချိန်ညှိခြင်းနှင့် အတည်ပြုခြင်း

မူကြမ်းရေးဆွဲထားသည့် စီမံကိန်းနှင့် ရသုံးခန့်မှန်းခြေငွေစာရင်းတို့ကို ပြန်လည်ဆွေးနွေး၊ သုံးသပ်ခြင်း၊ ချိန်ညှိခြင်းတို့ကို ဆောင်ရွက်ပြီးနောက်၊ တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုပြဋ္ဌာန်းပါသည်။

### ၃။ အကောင်အထည်ဖော်ခြင်း၊စောင့်ကြည့်ထိန်းကျောင်းခြင်း

ရသုံးခန့်မှန်းခြေငွေစာရင်းကို အကောင်အထည်ဖော်ပြီး ဌာနအလိုက်ရငွေများရှာဖွေခြင်းနှင့် အသုံးစရိတ်များ သုံးစွဲခြင်းတို့ပါဝင်ပါသည်။ ၎င်းအကောင်အထည်ဖော်မှုလုပ်ငန်းစဉ်တလျောက် စောင့်ကြည့်ထိန်းကျောင်းမှုများလည်း ဆောင်ရွက်ပါသည်။

### ၄။ စာရင်းစစ်ဆေးခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း

နောက်ဆုံးအဆင့်တွင် ဘတ်ဂျက်ကို စာရင်းစစ်ဆေးမှုများ ပြုလုပ်ရပြီး၊ စီမံကိန်းများအရလည်းကောင်း၊ ကတိကဝတ်များအရလည်းကောင်း၊ ထိရောက်သည့်အသုံးစရိတ်များဖြစ်မဖြစ်ကိုလည်းကောင်း ပြန်လည်သုံးသပ်မှုများ ဆောင်ရွက်ရပါသည်။ ရရှိသည့် အတွေ့အကြုံများသည် လာမည့်ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်း ပြင်ဆင်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်များအတွက် အကျိုးဖြစ်စေမည် ဖြစ်ပါသည်။

# ၁.၄ အစိုးရဘတ်ဂျက်နှင့်စီးပွားရေး

### တိုင်းဒေသကြီးအစိုးရ၏ရငွေများ


အစိုးရ၏ လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများအတွက် လိုအပ်သည့် ဘဏ္ဍာငွေကို အခွန်အကောက် ရငွေများ၊ အခြားရငွေများနှင့် ပြည်ထောင်စုအစိုးရ၏ လွှဲပြောင်းထောက်ပံ့ငွေများမှ ရရှိပါသည်။

### တိုင်းဒေသကြီးအစိုးရ၏ အသုံးစရိတ်များ

ပြည်သူများ၏လူမှုဘဝ တိုးတက်ကောင်းမွန်စေရေးအတွက် ရင်းနှီးမြှုပ်နှံရေးမှာ အစိုးရတစ်ရပ်၏ တာဝန်ဖြစ်ပါသည်။ ထို့ကြောင့် ပဲခူးတိုင်းဒေသကြီး အစိုးရသည် အရေးပါသည့် မြို့ပြဆိုင်ရာ မြူနီစီပယ်ဝန်ဆောင်မှုများအတွက် သုံးစွဲသည့်နည်းတူ တိုင်းဒေသကြီးရှိပြည်သူများ ပြည်သူ့ရေးရာဝန်ဆောင်မှုများကို လက်လှမ်းမီစေရန်နှင့် စီးပွားရေးလုပ်ငန်းများကို အခြားသောဒေသများ၊ နိုင်ငံတကာဈေးကွက်များနှင့်လည်းကောင်း ချိတ်ဆက်ပေးနိုင်ရန် လမ်းပန်းဆက်သွယ်ရေးကဲ့သို့သော အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်ရေးအတွက်လည်း မျှော်မှန်းသုံးစွဲပါသည်။

### မျှော်မှန်းရလဒ်

အခြေခံအဆောက်အအုံများတွင် တိုးမြှင့် ရင်းနှီးမြှုပ်နှံခြင်းသည် ပြည်သူများ၏လူမှုဘဝ တိုးတက်ကောင်းမွန်ရန်နှင့် ကုန်စည်နှင့် သတင်းအချက်အလက်များ လွယ်ကူချောမွေ့စွာ စီးဆင်းစေရန်ဖြစ်ပြီး၊ ပြည်သူများ စီးပွားရေးလုပ်ဆောင်မှုများတွင် တိုး၍ ပါဝင်လာနိုင်စေမည် ဖြစ်ပါသည်။ အခြေခံအဆောက်အအုံများ ပို၍ ကောင်းမွန်စေခြင်းဖြင့် လုပ်ငန်း




ကုန်ကျစရိတ်များ လျှော့ချနိုင်ပြီး စိုက်ပျိုးရေး၊ ကုန်စည်ထုတ်လုပ်မှုနှင့် ခရီးသွားလုပ်ငန်းစသည့် စီးပွားရေးကဏ္ဍများကို တိုးတက်လာစေမည်ဖြစ်ကာ အလုပ်အကိုင်နှင့် စီးပွားရေးတိုးတက်မှုများကို ဖြစ်ထွန်းစေမည်ဖြစ်ပါသည်။

အဆိုပါစီးပွားရေးကဏ္ဍများတွင် စွမ်းဆောင်ရည် ကောင်းမွန်လာသည်နှင့်အမျှ ပြည်သူများ ချမ်းသာကြွယ်ဝလာခြင်းနှင့် စီးပွားရေးစနစ်အတွင်း ပိုမိုပါဝင်လာစေနိုင်ခြင်းတို့ကို ဖြစ်ထွန်းစေမည် ဖြစ်ပါသည်။ ပြည်သူများ၏ ဝင်ငွေ အဆင့်အတန်းမြင့်မားသည့် စီးပွားရေးအခြေအနေကောင်းတစ်ရပ် ဖြစ်ထွန်းလာခြင်းသည်အစိုးရကစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွန်ဘဏ္ဍာဝင်ငွေများကို ပိုမိုရရှိစေမည်ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများက ပေးဆောင်ရမည့် အခွန်အခများကို မှန်ကန်စွာပေးဆောင်ခြင်းဖြင့် အားလုံးပါဝင်သော စီးပွားရေးဖွံ့ဖြိုး တိုးတက်စေရေး ကြိုးပမ်းအားထုတ်ရာတွင် အစိုးရကို ပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။

# ၂ ရငွေများ

တိုင်းဒေသကြီးအစိုးရက မည်သည့်နည်းလမ်းများဖြင့်
ဘဏ္ဍာရငွေများ ရရှိပါသနည်း ?

## ၂.၁ တိုင်းဒေသကြီးအစိုးရ၏ ဘဏ္ဍာရင်းမြစ်များဆိုင်ရာရှင်းလင်းဖော်ပြချက်များ




၂၀၁၈ ခုနှစ် ဧပြီလမှ
စက်တင်ဘာလအထိ

### ၉၃၄ သန်း

**အခွန်ဝေစုရငွေ**

ပဲခူးတိုင်းဒေသကြီးအတွင်း ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံသည့် ပြည်ထောင်စု၏ အခွန်အမျိုးအစားများမှ တိုင်းဒေသကြီးက ပြန်လည်ရရှိသည့် အခွန်ဝေစုရငွေများ ဖြစ်ပါသည်။ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ အထူးကုန်စည်ခွန်နှင့် တံဆိပ်ခေါင်းခွန်ရငွေများမှ အခွန်ဝေစု ပြန်လည်ရရှိခြင်းဖြစ်ပါသည်။

### ၃၃၆၅ သန်း

**တိုင်းဒေသကြီး၏ အခွန်အကောက်ရငွေ**

ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီးကကောက်ခံခွင့်အပ်နှင်းထားသည့် အခွန်၊အခများမှ ရငွေဖြစ်ပါသည်။ ၂၀၁၈ ခုနှစ် ဘဏ္ဍာရေး အကူးအပြောင်းကာလအတွက် တိုင်းဒေသကြီး၏ စုစုပေါင်း ဘဏ္ဍာရင်းမြစ်တွင် အခွန်အကောက်ရငွေသည် ၄ ရာခိုင်နှုန်း ပါဝင်ပါသည်။

### ၈၈၅၉ သန်း

**အခွန်မဟုတ်သည့် အခြားသာမန်ရငွေ**

အခွန်မဟုတ်သည့် အခြားသာမန်ရငွေ အမျိုးအစားများ ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ် ဘဏ္ဍာရေး အကူးအပြောင်းကာလအတွက် အခွန်မဟုတ်သည့် အခြားသာမန်ရငွေများမှာ ကျပ် ၈၈၅၉ သန်း ရရှိမည်ဟု ခန့်မှန်းရပြီး ယင်းမှာ တိုင်းဒေသကြီး စုစုပေါင်း ဘဏ္ဍာရင်းမြစ်၏ ၁၂ ရာခိုင်နှုန်းဖြစ်ပါသည်။

### ၆၃၄၀၂ သန်း

**ပြည်ထောင်စုမှ ထောက်ပံ့ငွေ**

ပြည်ထောင်စု၏ထောက်ပံ့ငွေသည် တိုင်းဒေသကြီးအစိုးရဘဏ္ဍာရငွေတွင် ၈၃ ရာခိုင်နှုန်းပါဝင်ပြီး၊ အဓိကကျသည့် ဘဏ္ဍာငွေ အရင်းအမြစ်ဖြစ်ပါသည်။ ပြည်ထောင်စု၏ လွှဲပြောင်းထောက်ပံ့ငွေကို တိုင်းဒေသကြီး/ပြည်နယ်တစ်ခုချင်းစီအတွက် ဘဏ္ဍာငွေ တွက်ချက်မှုနည်းလမ်းကို အသုံးပြု၍ ခွဲဝေပံ့ပိုးပါသည်။

၂၀၁၈ ခုနှစ် ဘဏ္ဍာရေး အကူးအပြောင်းကာလ ခြောက်လတာ ဘတ်ဂျက်အသုံးစရိတ်များအတွက် လိုအပ်သည့် ဘဏ္ဍာငွေကို ပဲခူးတိုင်းဒေသကြီးအစိုးရ၏ (က) ကိုယ်တိုင်ရှာဖွေရငွေများနှင့် (ခ) ဘဏ္ဍာငွေလွှဲပြောင်းထောက်ပံ့မှုများမှ ရရှိသည်ဟုလည်း လွယ်လင့်တကူခွဲခြားနိုင်ပါသည်။

## (က) ကိုယ်တိုင်ရှာဖွေရငွေများ

တိုင်းဒေသကြီးအစိုးရ၏ကိုယ်တိုင်ရှာဖွေရငွေများကို (က) လိုင်စင်ကြေးများ၊ ဒဏ်ကြေးရငွေများကဲ့သို့သော အခွန်မဟုတ်သည့် သာမန်ရငွေများနှင့် (ခ) ပစ္စည်းခွန်၊ မြေယာအပေါ် ကောက်ခံသည့် အခွန်ကဲ့သို့သော အခွန်အကောက်ရငွေတို့မှ ရရှိပါသည်။ ၂၀၁၈ ဘဏ္ဍာရေးနှစ် အကူးအပြောင်းကာလ ၆ လတာဘတ်ဂျက်တွင် တိုင်းဒေသကြီးအစိုးရ၏ ဘဏ္ဍာရငွေစုစုပေါင်းအနက်မှ ၄ ရာခိုင်နှုန်း (ကျပ် ၃ ဘီလီယံ ဝန်းကျင်) မှာ အခွန်အကောက်ရငွေများဖြစ်သည်။ အခွန်အကောက်မဟုတ်သည့် အခြားကိုယ်တိုင်ရှာဖွေရငွေများကို "အခြားသာမန်ရငွေများ"အဖြစ် ဖော်ပြထား၍ ဖော်ပြပါကာလအတွင်း ကျပ် ၈၈၅၉ သန်း ရရှိမည်ဟု ခန့်မှန်းပါသည်။

## (ခ) ဘဏ္ဍာငွေလွှဲပြောင်းထောက်ပံ့မှုများ

တိုင်းဒေသကြီးအစိုးရ၏ ကိုယ်တိုင်ရှာဖွေရငွေများသည် ပြည်သူ၏အသုံးစရိတ်စုစုပေါင်းကို ဖြည့်ဆည်းနိုင်ရန် လုံလောက်မှုမရှိပါ။ ထို့အတွက် တိုင်းဒေသကြီးအသုံးစရိတ်အတွက် ဘဏ္ဍာလိုငွေကို ပြည်ထောင်စုမှ လွှဲပြောင်းထောက်ပံ့ငွေဖြင့် ဖြည့်ဆည်းပါသည်။ ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအများစုကို ပြည်ထောင်စုအစိုးရ လွှဲပြောင်းထောက်ပံ့ငွေမှ ရရှိပြီး၊ ၎င်းတွင် "ပြည်ထောင်စု၏ ထောက်ပံ့ငွေ"၈၃ ရာခိုင်နှုန်းနှင့် "အခွန်ဝေစုရငွေ" ၁ ရာခိုင်နှုန်း ပါဝင်ပါသည်။




| | |
|---|---|
| **အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန** | ▪ ယစ်မျိုးခွန်<br>▪ မြေယာခွန်<br>▪ ဓာတ်သတ္တုခွန်<br>▪ တာတမံခွန် |
| **ငါးလုပ်ငန်း ဦးစီးဌာန** | ▪ အင်းအိုင်ခွန် |
| **သစ်တော ဦးစီးဌာန** | ▪ သစ်တောထွက် ပစ္စည်းများအပေါ် စည်းကြပ်သည့်အခွန် |
| **စည်ပင် သာယာရေး အဖွဲ့များ** | ▪ ပစ္စည်းခွန်<br>▪ ဘီးခွန် |

# ပြည်ထောင်စုမှ ထောက်ပံ့ငွေ

၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ်မှစတင်၍ပြည်ထောင်စု၏ထောက်ပံ့ငွေစုစုပေါင်းမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ ခွဲဝေထောက်ပံ့မှုကို တွက်ချက်မှုနည်းလမ်းတစ်ရပ်အသုံးပြု၍ ခွဲဝေပေးခဲ့ပါသည်။ နိုင်ငံတကာမှ အကောင်းဆုံး နည်းလမ်းများကို နည်းနာယူ၍အသုံးပြုသည့် တွက်ချက်မှုနည်းလမ်းသည် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အသုံးစရိတ်လိုအပ်ချက်များနှင့် ဘဏ္ဍာငွေလိုအပ်ချက်များကို ထည့်သွင်း၍ တွက်ချက်ထားခြင်းဖြစ်ပြီး၊ လက်ရှိတွင် အောက်ဖော်ပြပါညွှန်းကိန်းများကို သုံးစွဲပါသည်-

- တိုင်းဒေသကြီး/ပြည်နယ်အလိုက် လူဦးရေ
- တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆင်းရဲနွမ်းပါးမှုညွှန်ကိန်း
- တိုင်းဒေသကြီး/ပြည်နယ်အလိုက် တစ်ဦးကျ ဂျီဒီပီ
- တိုင်းဒေသကြီး/ပြည်နယ်အလိုက်အကျယ်အဝန်း
- တိုင်းဒေသကြီး/ပြည်နယ်အလိုက် မြို့ပြလူဦးရေ
- တစ်ဦးကျ အခွန်ကောက်ခံရရှိမှု


## ရရှိသော လွှဲပြောင်းထောက်ပံ့ငွေ ပမာဏ

၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာအထိ)



# တိုင်းဒေသကြီး၏ အခွန်အကောက်ရငွေ ရှင်းလင်းဖော်ပြချက်

အခွန်ရငွေများမှာ (က) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ (ခ) ငါးလုပ်ငန်းဦးစီးဌာန၊ (ဂ) သစ်တောဦးစီးဌာနနှင့် (ဃ) စည်ပင်သာယာရေးအဖွဲ့များက ကောက်ခံသည့် အခွန်အမျိုးအစား ၈ ရပ်မှ ရရှိပါသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကောက်ခံသည့် ယစ်မျိုးခွန်၊ မြေယာခွန်၊ တာတမံခွန်နှင့် ဓာတ်သတ္တုခွန်တို့မှာ တိုင်းဒေသကြီးက ကောက်ခံရရှိသည့် အခွန်အခရငွေများ၏ ၄၇ ရာခိုင်နှုန်း ပါဝင်ပြီး၊ ယစ်မျိုးခွန်တစ်မျိုးတည်းမှ ၄၁ ရာခိုင်နှုန်း ပါဝင်ပါသည်။ ငါးလုပ်ငန်းဦးစီးဌာနက ကောက်ခံသည့် အင်းအိုင်ခွန်မှာ စုစုပေါင်း အခွန်ရငွေ၏ ၃၈ ရာခိုင်နှုန်းဖြင့် ဒုတိယအရေးပါသည့် အခွန်ရငွေဖြစ်ပါသည်။ မြို့ပြဝန်ဆောင်မှုလုပ်ငန်းများတွင် တာဝန်ခံထားသည့် စည်ပင်သာယာရေးအဖွဲ့များမှာ တိုင်းဒေသကြီး အခွန်ရငွေ၏ ၁၃ ရာခိုင်နှုန်းကို ရှာဖွေပေးပြီး၊ ၎င်း၏ ၆၄ ရာခိုင်နှုန်းနီးပါးကို ပစ္စည်းခွန်ကောက်ခံခြင်းမှ ရရှိပါသည်။ ပစ္စည်းခွန်သည် မြို့နေလူထုက မြို့ပြဝန်ဆောင်မှုများရရှိခြင်းအတွက် ပေးဆောင်ရငွေ ဖြစ်ပါသည်။ သစ်တောဦးစီးဌာနက ကောက်ခံသည့် သစ်တောထွက်ပစ္စည်းများအပေါ် စည်းကြပ်သည့်အခွန်မှာ တိုင်းဒေသကြီး၏ စုစုပေါင်း အခွန်ရငွေ၏ ၂ ရာခိုင်နှုန်း အသီးသီးပါဝင်ပါသည်။




တိုင်းဒေသကြီး၏ အခွန်ရငွေ
၂၀၁၈ ခုနှစ်
ဘဏ္ဍာနှစ်အကူးအပြောင်းကာလ
(ဧပြီလမှ စက်တင်ဘာလအထိ)

မှတ်ချက်။ ။တာတမံခွန်မှာ ကောက်ခံရရှိမှု နည်းပါးသည့်အတွက် ထည့်သွင်းဖော်ပြမထားပါ။

# အခွန်အမျိုးအစားအလိုက် ကောက်ခံရရှိငွေ


၂၀၁၈ ခုနှစ်ဧပြီလမှ စက်တင်ဘာလအထိ

| | အခွန် အမျိုးအစား | ကျပ်သန်းပေါင်း | တစ်ဦးကျလျှင် (ကျပ်) | အခွန်ရငွေတွင် ပါဝင်မှု % |
|---|---|---|---|---|
| taxax tycs/ya&; 0;p;Xme | | 1568 | 322 | 47% |
| | ယစ်မျိုးခွန် | ၁၃၈၀ | ၂၈၄ | ၄၁% |
| | မြေယာခွန် | ၁၆၁ | ၃၃ | ၅% |
| | ဓာတ်သတ္တုခွန် | ၂၇ | ၆ | ၁% |
| ig;vyie; 0;p;Xme | | 1291 | 265 | 38% |
| | အင်းအိုင်ခွန် | ၁၂၉၁ | ၂၆၅ | ၃၈% |
| opawm 0;p;Xme | | 56 | 12 | 2% |
| | သစ်တောထွက်ပစ္စည်းများအပေါ် စည်းကြပ်သည့်အခွန် | ၅၆ | ၁၂ | ၂% |
| pnyiom ,ma&; tzrsm; | | 450 | 92 | 13% |
| | ပစ္စည်းခွန် | ၂၉၀ | ၆၀ | ၉% |
| | ဘီးခွန် | ၁၆၀ | ၃၃ | ၅% |










## ၂.၂ မည်သည့်အတွက် အခွန်ပေးဆောင်ရသနည်း

အစိုးရတစ်ရပ်၏ အခန်းကဏ္ဍသည် ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းများ အကျိုးဖြစ်ထွန်းစေမည့် ပြည်သူ့ဝန်ဆောင်မှုများ ပံ့ပိုးပေးရန်ဖြစ်ပြီး၊ လမ်းတံတားများ တည်ဆောက်ခြင်း၊ လူမှုဝန်ဆောင်မှုများပေးခြင်း၊ တရားဥပဒေစိုးမိုးစေခြင်းနှင့် နိုင်ငံတော်လုံခြုံရေးစသည်တို့ ပါဝင်ပါသည်။ အစိုးရက ၎င်းပြည်သူ့ရေးရာ ဝန်ဆောင်မှုများပေးရန်နှင့်ဝန်ဆောင်မှုများတိုးတက်ကောင်းမွန်လာရေးတို့အတွက်နိုင်ငံသားတစ်ဦးချင်းစီက ပေးဆောင်သည့် အခွန်အပေါ် မှီခိုရပါသည်။ အခွန်ကို အချိန်နှင့်တပြေးညီ မှန်ကန်စွာ ပေးဆောင်ခြင်းသည် နိုင်ငံသားတစ်ဦးချင်း၊ စီးပွားရေး လုပ်ငန်းတစ်ခုချင်းစီအတွက် အကောင်းဆုံး အကျိုးပြန်လည်ဖြစ်ထွန်းစေမည်ဖြစ်ပါသည်။ အစိုးရအတွက်လည်း ဒေသတစ်ခုလုံး၊ နိုင်ငံတစ်ခုလုံးကို ပိုမို သာယာဝပြောသော အခြေအနေသို့ ရောက်ရှိစေရန် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ယခုအစီရင်ခံစာတွင် အခွန်စနစ်ကို ပိုမို ပွင့်လင်းမြင်သာစွာ သိရှိနိုင်စေရန်အလို့ငှာ အခွန်အမျိုးအစား တစ်ရပ်ချင်းစီအလိုက် ရှင်းလင်းဖော်ပြထားပါသည်။



# ၃ အသုံးစရိတ်

## ၃.၁ ပဲခူးတိုင်းဒေသကြီးအစိုးရက မည်သည့်အသုံးစရိတ်များ သုံးစွဲပါသနည်း

အစိုးရ၏အသုံးစရိတ်များသည် ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူရခြင်းအတွက်ဖြစ်ပြီး၊ ၎င်းတွင် ပြည်သူ့ရေးရာကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများ ပါဝင်ပါသည်။ ပဲခူးတိုင်းဒေသကြီးတွင် တိုင်းဒေသကြီးအစိုးရ ဘတ်ဂျက်မှ အသုံးစရိတ်နှင့် ပြည်ထောင်စုအစိုးရဘတ်ဂျက်မှ အသုံးစရိတ်ဟူ၍ ခွဲခြားနိုင်ပါသည်။ ပဲခူးတိုင်း ဒေသကြီးဘတ်ဂျက်မှ အသုံးစရိတ်များကို ဖော်ပြပါအတိုင်း ရှင်းလင်းတင်ပြထားပါသည်။


### တိုင်းဒေသကြီးအစိုးရအသုံးစရိတ်

၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ် အကူးအပြောင်းကာလ ခြောက်လတာ (ဧပြီလမှ စက်တင်ဘာလအထိ) အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရဘတ်ဂျက်အသုံးစရိတ်မှာ ကျပ်သန်းပေါင်း ၇၆,၅၆၀ ဖြစ်ပြီး၊ ဒေသအတွင်း လူတစ်ဦးကျလျှင် ၁၅,၇၃၀ ကျပ် ဖြစ်ပါသည်။ တိုင်းဒေသကြီးအစိုးရဘတ်ဂျက်မှ ကဏ္ဍအလိုက် အသုံး စရိတ်ပါဝင်မှုကို တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်။




# တိုင်းဒေသကြီးအစိုးရအသုံးစရိတ်များတွင် ကဏ္ဍအလိုက် ပါဝင်မှုအချိုး

(၂၀၁၅/၁၆ မှ ၂၀၁၈ ခုနှစ် ဘဏ္ဍာရေး အကူးအပြောင်းကာလအထိ)




စုစုပေါင်းအသုံးစရိတ်၏ ကဏ္ဍအလိုက်ပါဝင်မှုအချိုး
(၂၀၁၈ ခုနှစ် ဘဏ္ဍာရေး အကူးအပြောင်းကာလ ဘတ်ဂျက်ခန့်မှန်းခြေ)



# ဝန်ကြီးဌာနနှင့် ဦးစီးဌာနအချို့၏ အသုံးစရိတ်များ

(၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ် အကူးအပြောင်းကာလ ဘတ်ဂျက်ခန့်မှန်းခြေ)

| | ကျပ် သန်းပေါင်း | တစ်ဦး ကျလျှင်(ကျပ်) |
|---|---|---|
| **ဗဟိုအဖွဲ့အစည်းများ** | **၂၈၃၃၄** | **၅၈၂၂** |
| တိုင်းဒေသကြီး အစိုးရအဖွဲ့ | ၂၆၃၀၆ | ၅၄၀၅ |
| တိုင်းဒေသကြီး လွှတ်တော် | ၈၈၉ | ၁၈၃ |
| တိုင်းဒေသကြီး တရားလွှတ်တော် | ၃၄ | ၇ |
| ဥပဒေရုံးများ | ၃၆၆ | ၇၅ |
| စာရင်းရုံးများ | ၇၃၉ | ၁၅၂ |
| **ပြည်ထဲရေးဝန်ကြီးဌာန** | **၆၅၃၁** | **၁၃၄၂** |
| အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၄၉၂၀ | ၁၀၁၁ |
| အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ၁၉၀ | ၃၉ |
| မီးသတ်ဦးစီးဌာန | ၁၄၂၂ | ၂၉၂ |
| **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** | **၅၃၈၃** | **၁၁၀၆** |
| စိုက်ပျိုးရေးဦးစီးဌာန | ၃၉၁၉ | ၈၀၅ |
| ငါးလုပ်ငန်းဦးစီးဌာန | ၂၅၀ | ၅၁ |
| မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | ၅၁၃ | ၁၀၅ |
| သမဝါယမဦးစီးဌာန | ၅၉၉ | ၁၂၃ |
| အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ၁၀၂ | ၂၁ |
| **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** | **၁၀ ၂၅၆** | **၂၁၀၇** |
| လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ၁၀ ၂၅၆ | ၂၁၀၇ |
| **ဆောက်လုပ်ရေးဝန်ကြီးဌာန** | **၇၈၀၉** | **၁၆၀၄** |
| လမ်းဦးစီးဌာန | ၇၄၃၃ | ၁၅၂၇ |
| မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | ၃၇၆ | ၇၇ |
| **စည်ပင်သာယာရေးအဖွဲ့များ** | **၁၅၁၂၈** | **၃၁၀၈** |
| စည်ပင်သာယာရေးအဖွဲ့များ | ၁၅၁၂၈ | ၃၁၀၈ |

# သာမန်နှင့်ငွေလုံးငွေရင်းအသုံးစရိတ်

## သာမန်အသုံးစရိတ်

သာမန်အသုံးစရိတ်တွင် တိုင်းဒေသကြီး အစိုးရဝန်ထမ်းများအတွက်ကျခံသုံးစွဲသည့် လစာနှင့်စရိတ်မှာ တိုင်းဒေသကြီး သာမန်အသုံးစရိတ်စုစုပေါင်း၏ ၄၉ ရာခိုင်နှုန်းနီးပါးခန့်ရှိပြီး အများဆုံးဖြစ်ပါသည်။ အခြားသာမန်အသုံးစရိတ်များတွင် ပြင်ဆင်ထိန်းသိမ်းစရိတ်၊ ပစ္စည်းများ ဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုများ ရယူခြင်းတို့အတွက် ကုန်ကျစရိတ်နှင့် ခါတ်ဆီ၊ စက်ဆီ၊ ချောဆီအတွက် ကုန်ကျစရိတ်များ ပါဝင်ပါသည်။


| သာမန်အသုံးစရိတ် (အမျိုးအစားအလိုက်) | ကျပ်သန်းပေါင်း | စုစုပေါင်း သာမန် အသုံးစရိတ်၏ % |
|---|---|---|
| ဝန်ထမ်းလစာနှင့် ပင်စင် | ၁၂၅၀၂ | ၅၀% |
| လစာ၊စရိတ်၊ ချီးမြှင့်ငွေစသည်များ | ၁၂၂၃၆ | ၄၉% |
| ဝန်ထမ်းအကျိုးခံစားခွင့်နှင့် လူမှုဖူလုံရေး | ၂၆၆ | ၁% |
| ကုန်စည်နှင့် ဝန်ဆောင်မှုစရိတ်များ | ၁၁၆၂၉ | ၄၇% |
| ပစ္စည်းများ ဝယ်ယူခြင်း၊ ဆောင်ရွက်ပေးခြင်းတို့အတွက် ကုန်ကျစရိတ်နှင့် လုပ်အားခ | ၄၆၀၆ | ၁၈% |
| ဆည်မြောင်း၊တာတမံ၊ ရေကန်နှင့် ရေနုတ်မြောင်း | ၁၅၈၇ | ၆% |
| ပြင်ဆင်ထိန်းသိမ်းစရိတ် | ၃၉၄၉ | ၁၆% |
| ဓာတ်ဆီ၊ ချောဆီနှင့် စက်ဆီ | ၆၈၆ | ၃% |
| ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန သာမန်အသုံးစရိတ် | ၄၄၅ | ၂% |
| အခြား | ၃၅၆ | ၁% |
| လွှဲပြောင်းထောက်ပံ့ငွေများ | ၇၉၇ | ၃% |
| ပညာရေး၊ ကျန်းမာရေးအသုံးစရိတ် | ၇၁၈ | ၃% |
| အခြား | ၇၉ | ၀.၃% |

### ငွေလုံးငွေရင်းအသုံးစရိတ်

ငွေလုံးငွေရင်းအသုံးစရိတ်တွင် အဓိကအားဖြင့် ပုံသေရရန်ပိုင်ခွင့်များ ဝယ်ယူခြင်း၊ မြေ၊ အဆောက်အအုံ၊ ယာဉ်၊ စက်ကိရိယာနှင့် ကိုင်တွယ်၍မရသော ရရန်ပိုင်ခွင့်များဝယ်ယူခြင်းအတွက် အသုံးစရိတ်များ ပါဝင်ပါသည်။ ပဲခူးတိုင်းဒေသကြီးဘတ်ဂျက်ငွေလုံးငွေရင်းအသုံးစရိတ်၏ ၄၆ ရာခိုင်နှုန်းကို တိုင်းဒေသကြီး အစိုးရအဖွဲ့က ဒေသဖွံ့ဖြိုးရေးအတွက် အကောင်အထည်ဖော်သည့် လုပ်ငန်းစီမံကိန်းများအတွက် သုံးစွဲပါသည်။ စည်ပင်သာယာရေးအဖွဲ့များနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့မှာ တိုင်းဒေသကြီး ငွေလုံးငွေရင်းအသုံးစရိတ်၏ ၂၃ ရာခိုင်နှုန်းနှင့် ၂၀ ရာခိုင်နှုန်းကို အသီးသီး သုံးစွဲပါသည်။


## ဦးစီးဌာန / အဖွဲ့အစည်းအလိုက် ငွေလုံးငွေရင်း အသုံးစရိတ်

၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာအထိ)



# ခရိုင်အလိုက် ငွေလုံးငွေရင်း အသုံးစရိတ်

၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာအထိ)




မြို့နယ်နှင့် ခရိုင်အလိုက် ငွေလုံးငွေရင်း အသုံးစရိတ် ကိန်းဂဏန်း အချက်အလက်များကို ပဲခူးတိုင်းဒေသကြီး စီမံကိန်းရေးဆွဲရေး ဦးစီးဌာနမှ ပံ့ပိုးပါသည်။

| | လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်း | လမ်းဦးစီး ဌာန | စည်ပင် သာယာရေး အဖွဲ့များ | စိုက်ပျိုးရေး ဦးစီးဌာန | *ကျေးလက် ဒေသ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန | **ကျေးလက် လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန |
|---|---|---|---|---|---|---|
| ပဲခူး | ၈၃၂.၉၈ | ၁၇၉၂.၃၀ | ၄၃၂၆.၅၁ | ၈၂.၁၁ | ၁၆၁.၅၉ | ၅၆၃.၀၅ |
| သနပ်ပင် | ၈၆.၉၉ | | ၂၈၅.၇၁ | | ၁၉၂.၅၉ | ၅၁၂.၁၂ |
| ကဝ | ၁၀၂.၆၁ | ၅၀၀.၀၀ | ၄၃၀.၁၉ | | ၄၄၃.၀၀ | ၅၄၈.၇၃ |
| ဝေါ | ၁၅၇.၄၀ | | ၄၅၃.၃၄ | | ၁၇ | ၅၄၆.၄၃ |
| ညောင်လေးပင် | ၅၃၄.၉၆ | | ၈၄၃.၄၆ | ၆၉.၃ | | ၃၇၃.၂၁ |
| ကျောက်တံခါး | ၉၉၈.၁၃ | | ၄၃၁.၀၀ | ၂၀ | | ၅၄၉.၁၄ |
| ဒိုက်ဦး | ၂၇၈.၃၈ | | ၆၅၀.၉၆ | | | ၅၄၇.၅၁ |
| ရွှေကျင် | ၁၅၀.၉၈ | | ၄၅၉.၀၈ | | ၁၃၄.၉၄ | ၄၄၇.၂၅ |
| ပြည် | ၁၄၅၁.၂၆ | | ၈၄၈.၉၃ | ၄၀ | | ၆၀၄ |
| ပေါက်ခေါင်း | ၆၇.၅၈ | | ၃၁၁.၉၈ | | ၉၅.၈၃ | ၅၄၈.၅ |
| ပန်းတောင်း | ၁၁၄.၀၈ | | ၃၀၆.၀၉ | | ၅၀.၉၄ | ၅၃၃.၇၅ |
| ပေါင်းတည် | ၂၅၀.၂၉ | ၁၅၀.၀၀ | ၂၅၃.၂၂ | ၄၉.၃ | ၂၉၂.၄၇ | ၅၀၉.၅၆ |
| သဲကုန်း | ၃၆၄.၁၉ | | ၈၇၆.၇၁ | ၂၀ | | ၂၃၇ |
| ရွှေတောင် | ၁၄၉.၉၅ | | ၂၈၉.၃၂ | | | ၅၄၈ |
| တောင်ငူ | ၅၆၃.၀၃ | | ၈၈၅.၅၅ | | | ၃၈၅ |
| ရေတာရှည် | ၆၂၁.၇၁ | ၅၀၀.၀၀ | ၉၆၃.၁၃ | | ၂၁၄.၈၁ | ၃၃၄.၆၈ |
| ကျောက်ကြီး | ၂၁၅.၈၆ | | ၇၄၃.၁၆ | | | ၂၁၇.၅ |
| ဖြူး | ၄၄၀.၈၃ | ၅၀၀.၀၀ | ၆၄၆.၉၃ | ၂၀ | | ၃၆၈ |
| အုတ်တွင်း | ၃၃၇.၂၉ | ၁၀၅.၀၀ | ၅၉၁.၅၁ | | | ၂၄၅.၅ |
| ထန်းတပင် | ၄၀၀.၁၁ | | ၂၅၈.၀၈ | | | ၃၈၃ |
| သာယာဝတီ | ၂၇၃.၂၁ | | ၇၇၄.၄၉ | | ၁၆၈.၈၂ | ၆၄၃.၅ |
| လက်ပံတန်း | ၁၂၅.၈၀ | ၁၂၇.၅၀ | ၃၅၇.၉၆ | ၂၀ | | ၃၈၅ |
| မင်းလှ | ၃၄၁.၉၇ | ၁၀၅.၀၀ | ၆၄၀.၂၄ | | ၅.၂၄ | ၃၁၇.၂၅ |
| အုတ်ဖို | ၂၈၇.၅၆ | | ၃၁၀.၄၁ | | ၁၇ | ၅၄၇.၅၄ |
| ဇီးကုန်း | ၂၇၃.၄၀ | | ၃၇၄.၁၅ | | | ၅၂၅.၂၇ |
| နတ်တလင်း | ၃၃၃.၅၉ | | ၂၈၈.၅၅ | ၆၉.၃ | ၆၈.၈၂ | ၄၆၁.၅ |
| မိုးညို | ၂၅၃.၀၄ | ၄၆၀.၅၀ | ၃၁၂.၁၆ | | ၆၁.၉၆ | ၃၅၂.၃၄ |
| ကြို့ပင်ကောက် | ၂၄၅.၂၁ | | ၅၁၅.၅၉ | | ၇၆.၅၆ | ၃၆၁.၅ |

မှတ်ချက်

* ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှာ ပြည်ထောင်စုဘတ်ဂျက်မှ သုံးစွဲရသည့်ဌာနဖြစ်သော်လည်း တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသများ လျှင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘတ်ဂျက်မှ အချို့အသုံးစရိတ်များကို ထည့်သွင်းသုံးစွဲပေးခြင်းဖြစ်ပါသည်။

** ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှာ ပြည်ထောင်စုဘတ်ဂျက်မှ သုံးစွဲရသည့်ဌာနဖြစ်သော်လည်း တိုင်းဒေသကြီးအတွင်း ကျေးလက်လမ်းများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာပြီး ဆက်သွယ်သွားလာရ လွယ်ကူရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဘတ်ဂျက်မှ အချို့အသုံးစရိတ်များကို ထည့်သွင်းသုံးစွဲပေးခြင်းဖြစ်ပါသည်။

(၁) မြို့နယ်အလိုက် စည်ပင်သာယာရေးအဖွဲ့များ၏အသုံးစရိတ်များတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေစာရင်း အောက်မှ စည်ပင်သာယာရေးဆိုင်ရာ အသုံးစရိတ်များကိုလည်း ထည့်သွင်းထားပါသည်။


(၂) ငွေလုံးငွေရင်းအသုံးစရိတ်များသည် လုပ်ငန်းစီမံကိန်းများ၏ တည်နေရာအရ ဖြစ်သည့်အတွက် အသုံးစရိတ်များမှာ မြို့နယ်များအလိုက် ကွဲပြားခြားနားမှု ရှိခြင်းဖြစ်ပါသည်။

(၃) နေရာဒေသမခွဲခြားနိုင်သည့် ငွေလုံးငွေရင်းအသုံးစရိတ်များကို ပဲခူးမြို့နယ်အတွင်း အသုံးစရိတ်အဖြစ် ဖော်ပြလေ့ရှိခြင်းကြောင့် ပဲခူးမြို့နယ်၏ ငွေလုံးငွေရင်းအသုံးစရိတ်မှာ အချို့ကိစ္စရပ်များတွင် မြင့်မားနိုင်ပါသည်။

(၄) ဖော်ပြပါ ငွေလုံးငွေရင်း အသုံးစရိတ်များမှာ ဘတ်ဂျက်ခန့်မှန်းခြေ အသုံးစရိတ်များဖြစ်ပြီး အမှန်တကယ် သုံးစွဲမှုနှင့် အနည်းငယ်ကွာခြားနိုင်ပါသည်။

# ၄ အစိုးရဘတ်ဂျက်နှင့် ဖွံ့ဖြိုးရေးရလဒ်များ

ပဲခူးတိုင်းဒေသကြီး အစိုးရအနေဖြင့် ဘတ်ဂျက်ရေးဆွဲခြင်းနှင့် သုံးစွဲခြင်းတွင် ပြည်သူလူထု၏ လိုအပ်ချက်အပေါ် အခြေခံရန် အရေးကြီးကြောင်း သိရှိနားလည်ပါသည်။ ကိန်းဂဏန်းအချက်အလက်များ ကောက်ယူရရှိမှု တိုးတက်လာသည်နှင့်အမျှ ပြည်သူများ၏လိုအပ်ချက်နှင့်ထင်ဟပ်သည့် ဘတ်ဂျက်ရေးဆွဲမှုများ ပို၍ ကောင်း မွန်လာစေမည်ဖြစ်ပါသည်။ အောက်ဖော်ပြပါသရုပ်ဖော်ပုံတွင် အစိုးရ၏ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ တိုင်းဒေသကြီးအတွင်း မြို့နယ်အလိုက် အလုပ်အကိုင်ရရှိမှုနှုန်းကို ဖော်ပြထားပါသည်။ ထိုသရုပ်ဖော်ပုံအရ မြို့နယ်များအလိုက်သော်လည်းကောင်း၊ ကျား/မအရသော်လည်းကောင်း ပြည်သူလူထုလိုအပ်ချက်များ ကွဲပြားနေပါသည်။ ကျား-မရေးရာ ဒေတာအချက်အလက်များသည် ဆုံးဖြတ်ချက်ချနိုင်သော နေရာများ၌ ကျား (သို့မဟုတ်) မ တစ်မျိုးမျိုးမှ လွှမ်းမိုးနေသည့် အခြေအနေများကြောင့် ကျား-မ ရေးရာတိမ်းညွတ်မှုများကို ညွှန်းဆိုလိုသည့်အခါတွင် အလွန်အရေးကြီးလှသည်။ မြန်မာနိုင်ငံတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်များ၏ ၉.၇ ရာခိုင်နှုန်းမှာ အမျိုးသမီးလွှတ်တော်အမတ်များဖြစ်သည်။ ကျား-မရေးရာဒေတာ အချက်အလက်များကို ဦးစားပေး ကောက်ခံခြင်းအားဖြင့် ပြည်သူ့ဘဏ္ဍာများကို သုံးစွဲရာတွင် ပြည်သူများ၏ မတူညီသော လိုအပ်ချက်များကို (အမျိုးသားများ၏ လိုအပ်ချက်များ နှင့် အမျိုးသမီးများ၏ လိုအပ်ချက်များ) ကို ပိုမိုကိုက်ညီစွာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။



# ၅ နိဂုံးချုပ်အမှာစကား

ပဲခူးတိုင်းဒေသကြီး၏ ပထမဆုံးအကြိမ် ပြည်သူ့အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းစာစောင်ကို ထုတ်ဝေခဲ့ချိန်မှစ၍ တိုင်းဒေသကြီးအစိုးရက ပြည်သူ့အသံများကိုနားထောင်ရန် အခွင့်အလမ်းများ ရရှိခဲ့ပါသည်။ ပြည်သူများ၏ တန်ဖိုးရှိသောအမြင်များ၊ အကြံပြုချက်များက ယခု ဒုတိယအကြိမ် ရသုံးခန့်မှန်းခြေငွေစာရင်းစာစောင် ထုတ်ဝေခြင်းတွင် အထောက်အပံ့ဖြစ်စေခဲ့ပါသည်။ ပဲခူးတိုင်းဒေသကြီး၏ ပထမဆုံးအကြိမ် ပြည်သူ့အတွက် ဘတ်ဂျက်အစီရင်ခံစာကို သတင်းအချက်အလက်ပေးရန်၊ ဘဏ္ဍာရေးဆိုင်ရာ နားလည်သဘောပေါက်မှုကို အားဖြည့်ရန်နှင့် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် ပြည်သူများ ပါဝင်လာနိုင်ရန် ရည်မှန်း၍ ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။ ယခု ၂၀၁၈ ခုနှစ် ၆ လတာ ဘဏ္ဍာနှစ်အကူးအပြောင်းကာလအတွက် ပြည်သူ့အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းစာစောင်ထုတ်ဝေခြင်းမှာ ဆုံးဖြတ်ချက်ချမှတ်မှုလုပ်ငန်းစဉ်တွင် ပြည်သူများပူးပေါင်းပါဝင်စေလိုမှုကို သက်သေပြခြင်းပင်ဖြစ်ပါသည်။

ပြောင်းလဲလိုက်သည့် ဘတ်ဂျက်လုပ်ငန်းစဉ်စက်ဝန်းမှ အရှိန်မြှင့်တင်ပေးနိုင်မည့် တိုင်းဒေသကြီး၏ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုနှင့် အလားအလာကောင်းများကို ရှေ့လာမည့်ကာလများတွင်လည်း အစီရင်ခံနိုင်ရန် ရည်မှန်းပါသည်။ ထို့အပြင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းစာစောင်တွင် ဘဏ္ဍာငွေအသုံးစရိတ်ဆိုင်ရာဆုံးဖြတ်ချက်များနှင့် ဖွံ့ဖြိုးမှုအကျိုးရလဒ်များအကြား ဆက်နွယ်ပတ်သက်မှုကို ဖော်ပြနိုင်ရန် ဘဏ္ဍာရေးဆိုင်ရာ ကိန်းဂဏန်းများကိုသာမက လူမှုစီးပွားအချက်အလက်များကိုပါ ထည့်သွင်းဖော်ပြနိုင်ရန်ကိုလည်း ရည်မှန်းထားပါသည်။ ဖော်ပြပါသတင်းအချက်အလက်များသည် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်များက ကျွန်ုပ်တို့၏ နေ့စဉ်လူနေမှုဘဝများတွင် မည်သို့အရေးပါကြောင်းကို ပိုမိုသိရှိနိုင်စေမည်ဖြစ်ပါသည်။

ယခုကဲ့သို့ အချက်အလက်များ ပိုမို အကျိုးသက်ရောက်မှုရှိရန်အတွက် ပြည်သူများ၏ပါဝင်မှုလည်း လိုအပ်သည့်အတွက်ကြောင့် ပြည်သူများအနေဖြင့် ယခုစာစောင်ကို ဖတ်ရှုလေ့လာရန်နှင့် မိမိ၏ ရပ်ရွာအတွင်း ပြန်လည် အသုံးပြုရန်၊ မေးခွန်းများနှင့် အကြံပြုချက်များအား သက်ဆိုင်ရာဒေသ၏ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များဆီသို့ ဆောင်ကြဉ်းနိုင်ရန် တိုက်တွန်းအပ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ပြည်သူများ၏ စကားသံကို မျှော်လင့်ပါသည်။ ပဲခူးတိုင်းဒေသကြီးအစိုးရနှင့် ပြည်သူတို့အကြား ပိုမိုချိတ်ဆက်မှုရှိစေလျက် နှစ်ဦးနှစ်ဖက်အကြား လူမှုပဋိညာဉ်ကို ပိုမိုခိုင်မာအားကောင်းစေရန်အတွက် တစ်ဦးထံမှတစ်ဦးလေ့လာသိရှိနိုင်ရန် မျှော်မှန်းပါသည်။ ပြည်သူ့အတွက် ဘတ်ဂျက်အစီရင်ခံစာသည် ပြည်သူများနှင့် အစိုးရအကြား ရင်းနှီးနားလည်မှုကို တည်ဆောက်ရန်အတွက် အရေးပါပြီး ပိုမိုထိရောက်သောမူဝါဒများဖြစ်ရန်နှင့် ဖွံ့ဖြိုးမှုရလဒ်များ ရရှိစေရန် လမ်းပြပေးနိုင်ပါသည်။ ပြည်သူ့ထံမှဖြစ်တည်သော၊ ပြည်သူ့အတွက်ဖြစ်သော ဘတ်ဂျက်ဖြစ်မြောက်စေရန် ဖော်ဆောင်ရမည့် ခရီးရှည်ကြီး၏ ယခုကဲ့သို့ အရေးပါသည့်ခြေလှမ်းတွင် အတူတကွပူးပေါင်းပါဝင်မှုအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားအပ်ပါသည်။

ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍လည်းကောင်း၊ ဤစာစောင်နှင့် ပတ်သက်၍ အကြံပြုလိုလျှင်လည်းကောင်း ပဲခူးတိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ စုံစမ်းမေးမြန်း၊ အကြံပြုနိုင်ပါသည်။


ဖုန်းနံပါတ် - ၀၅၂-၂၂၀၀၀၈၈
Email - bagobudget@gmail.com

# လေ့လာဖတ်ရှုနိုင်သည့် သတင်းအချက်အလက်များ

**ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ် ပြည်သူ့အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းစာစောင်**
https://rimyanmar.org/en/publication/bago-citizens-budget-2018 တွင် ဖတ်ရှုလေ့လာနိုင်ပါသည်။

**ပဲခူးတိုင်းဒေသကြီး ရသုံးခန့်မှန်းခြေ မူဝါဒဆိုင်ရာ အကျဉ်းချုပ်အစီရင်ခံစာ**
**(Renaissance Institute)**
Renaissance Institute ၏ ဝက်ဘ်ဆိုဒ်ဖြစ်သော https://rimyanmar.org/mm/publications တွင် ရယူနိုင်ပါသည်။

**၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ**
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ တရားဝင်ဝက်ဘ်ဆိုဒ် ဖြစ်သော www.mof.gov.mm နှင့် www.mopf.gov.mm တွင် ရယူနိုင်ပါသည်။

**မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း (၂၀၁၇)**
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုဒ် ဖြစ်သော www.mof.gov.mm နှင့် www.mopf.gov.mm တွင် ရယူနိုင်ပါသည်။

**အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်း**
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုဒ် ဖြစ်သော www.mof.gov.mm နှင့် www.mopf.gov.mm တွင် ရယူနိုင်ပါသည်။

**ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုဆိုင်ရာ အဓိပ္ပာယ်နှင့်အသုံးအနှုန်းများ (အာရှဖောင်ဒေးရှင်း)**
ဖော်ပြပါ ဝက်ဘ်ဆိုဒ်လိပ်စာ https://asiafoundation.org/publication/public-financial-management-glossary-terms/ တွင် ရယူနိုင်ပါသည်။

**မြန်မာနိုင်ငံတွင် ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း**
**(ပြုပြင်ပြောင်းလဲရေးအတွက် မူဝါဒလမ်းစဉ်တစ်ခုဆီသို့) (အာရှဖောင်ဒေးရှင်း)**
ဖော်ပြပါ ဝက်ဘ်ဆိုဒ်လိပ်စာ https://asiafoundation.org/publication/fiscal-decentralization-in-myanmar-towards-a-roadmap-for-reform/ တွင် ရယူနိုင်ပါသည်။

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စီမံကိန်းရေးဆွဲခြင်း၊ ရသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲခြင်းနှင့် ဘဏ္ဍာငွေ လျာထားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ရလဒ်များ (အာရှဖောင်ဒေးရှင်း)**
ဖော်ပြပါ ဝက်ဘ်ဆိုဒ်လိပ်စာ www.asiafoundation.org/publication/state-region-financing-planning-budgeting-myanmar/ တွင် ရယူနိုင်ပါသည်။

**မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အုပ်ချုပ်မှုစနစ် (အာရှဖောင်ဒေးရှင်း)**
ဖော်ပြပါ ဝက်ဘ်ဆိုဒ်လိပ်စာ https://asiafoundation.org/publication/state-and-region-governments-in-myanmar-report/ တွင် ရယူနိုင်ပါသည်။

**မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ပြည်သူ့ဘဏ္ဍာကဏ္ဍ (အာရှဖောင်ဒေးရှင်း)**
ဖော်ပြပါ ဝက်ဘ်ဆိုဒ်လိပ်စာ https://asiafoundation.org/publication/state-and-region-public-finances-in-myanmar/ တွင် ရယူနိုင်ပါသည်။

**A Quick Guide to Public Financial Management in Myanmar (Oxfam)**
ဖော်ပြပါ ဝက်ဘ်ဆိုဒ်လိပ်စာ https://myanmar.oxfam.org/policy_paper/quick-guide-public-financial-management-myanmar တွင် ရယူနိုင်ပါသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရ၏ ကြီးကြပ်မှုဖြင့်
တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနက ထုတ်ဝေပါသည်။